# အောင်မြင်စွာ ဆေးခန်းသွားရောက် ပြသလိုက်ပါ။



## ✔ သွားရောက်မပြသမီ

☐ **သင့်ဆရာဝန်သည် Molina ကွန်ရက်အတွင်းရှိနေသည်မှာ သေချာပါစေ။** molinaproviderdirectory.com/wi သို့ ဝင်ရောက်ကြည့်ရှုပါ သို့ မဟုတ် (တနင်္လာနေ့မှ သောကြာနေ့အထိ၊ မနက် 8 နာရီမှ ညနေ 5 နာရီအထိ) **1 (888) 999-2404**, TTY: 711 ကိုနှိပ်၍ ကျွန်ုပ်တို့ ထံသို့ ဖုန်းခေါ်ဆိုပါ။

☐ **အကြိုအပို့ကိုရှာပါ။** သင့်ဆရာဝန်ထံသို့သွားရောက်ပြသရန်အတွက် သင်မည်သို့စီစဉ်ပြီးသွားရောက်မည်ကို ဆုံးဖြတ်ပါ။ အခမဲ့အကြိုအပို့ကို သင်လိုအပ်ပါက (866) 907-1493 သို့ ဖုန်းခေါ်ဆိုပါ။ အကယ်၍ တစ်စုံတစ်ဦးမှ သင့်ကုသမှုရက်ချိန်းများသို့ လိုက်လံပို့ဆောင်ပေးပါက ၎င်းတို့အနေဖြင့် ရက်ချိန်းမတိုင်မီဖုန်းခေါ်ဆိုခြင်းဖြင့် ခရီးမိုင်အကွာအဝေးအလိုက် ကျသင့်သောခါတ်ငွေ့တန်ဖိုးကို ပြန်လည်ရယူနိုင်ပါသည်။

☐ **စာရင်းလုပ်ထားပါ** သို့မဟုတ် သင်သောက်သော ဆေးဝါးအားလုံးနှင့် ဗီတာမင် ပုလင်းများကို ယူဆောင်လာပါ။

**ဆေးဝါး 1:** ______________________________ တစ်ခါသောက်ဆေးပမာဏ- ______________________

ဆေးအသစ်ထပ်ယူမည်လား။ **ယူပါမည် / မယူပါ** ☐ ☐

**ဆေးဝါး 2:** ______________________________ တစ်ခါသောက်ဆေးပမာဏ- ______________________

ဆေးအသစ်ထပ်ယူမည်လား။ **ယူပါမည် / မယူပါ** ☐ ☐

**ဆေးဝါး 3:** ______________________________ တစ်ခါသောက်ဆေးပမာဏ- ______________________

ဆေးအသစ်ထပ်ယူမည်လား။ **ယူပါမည် / မယူပါ** ☐ ☐

**ဆေးဝါး 4:** ______________________________ တစ်ခါသောက်ဆေးပမာဏ- ______________________

ဆေးအသစ်ထပ်ယူမည်လား။ **ယူပါမည် / မယူပါ** ☐ ☐

**ဆေးဝါး 5:** ______________________________ တစ်ခါသောက်ဆေးပမာဏ- ______________________

ဆေးအသစ်ထပ်ယူမည်လား။ **ယူပါမည် / မယူပါ** ☐ ☐

☐ **သင့်ကျန်းမာရေး၊ ဆေးဝါးများ၊ သို့မဟုတ် ကုသမှုအစီအစဉ်** နှင့်ပတ်သက်ပြီး **သင့်တွင်မေးစရာရှိသည့်မေးခွန်းများကို ချရေးပါ။**

___

___

☐ **သင်၏လက်ရှိကျန်းမာရေးအခြေအနေ** နှင့် လိုအပ်ချက်များကို မှတ်တမ်းရေးမှတ်ပါ။ (ဥပမာအားဖြင့် သင်သည် သင်၏ သွေးပေါင်ချိန် သို့မဟုတ် သွေးတွင်းသကြားဓါတ်ပမာဏများကို စောင့်ကြည့်မှတ်သားနေပါက သွားရောက်ပြသခြင်းမပြုမီ လေးရက်အလိုကတည်းက မနက်ပိုင်းနှင့် ညနေပိုင်းများတွင် သင့်ရလဒ်များကို မှတ်တမ်းရေးမှတ်ပါ။)

___

___

☐ သင့်ဆရာဝန်က သိလိုမည်ဖြစ်သော ဆေးစစ်မှုများ သို့မဟုတ် မိသားစုရာဇဝင်ကဲ့သို့သော **အရေးကြီးသော အချက်အလက်များကို စုစည်းထားပါ။ အကြံပြုချက် -** ကျန်းမာရေးမှတ်စုစာအုပ် တစ်အုပ်ထားထားပါ။ ၎င်းစာအုပ်ကို ရက်ချိန်းတိုင်းယူလာပါ။

☐ **အထူးနေရာထိုင်ခင်းများရရှိနိုင်ရန်အတွက် ဖုန်းခေါ်ဆိုပါ။** အကယ်၍ သင်သည် စကားပြန်တစ်ဦး သို့မဟုတ် အမိုးအကာပါသည့်ကားပါကင်နေရာ သို့မဟုတ် ဓာတ်လှေကားကဲ့သို့သော အထူးနေရာထိုင်ခင်းများကို လိုအပ်ပါက သင်သွားရောက်ပြသခြင်းမပြုမီ သင့်ဆရာဝန်၏ရုံးခန်းသို့ ဖုန်းခေါ်ဆိုပါ။ ၎င်းတို့မှ သင့်ကိုကူညီပေးနိုင်ပါသည်။

☐ **သူငယ်ချင်းတစ်ဦး သို့မဟုတ် မိသားစုဝင်တစ်ဦးကို ခေါ်ထားပါ။** ဆရာဝန်၏စကားများကို နားထောင်ရာတွင် နားအပိုတစ်စုံက အကူအညီဖြစ်နိုင်ပါသည်။

## အွန်လိုင်းမှတဆင့် သွားရောက်ပြသမှုများအတွက် -

☐ သင်သွားရောက်ပြသမှုပြုလုပ်ရန်အချိန်မတိုင်မီ လမ်းညွှန်ချက်များကိုကြည့်ပါ။

☐ သင့်စက်ကိရိယာကို သေချာစွာ အားဖြည့်ထားပါ။

☐ ဗီဒီယိုနှင့် အသံပိုင်းဆိုင်ရာလုပ်ဆောင်ချက်များကို ဖွင့်ထားကြောင်းနှင့် အလုပ်လုပ်နေကြောင်းသေချာပါစေ။

☐ တိုင်ပင်ဆွေးနွေးနိုင်ရန်အတွက် အလင်းရောင်ကောင်းကောင်းနှင့်တိတ်ဆိတ်ငြိမ်သက်သည့်နေရာတစ်ခုကို ရှာဖွေပါ။

## ✔ သွားရောက်ပြသရမည့်အချိန်ရောက်သောအခါ -

☐ **သင်၏ ForwardHealth နှင့် Molina ID ကတ်ကို ယူဆောင်လာပါ။**

☐ **အထက်တွင် သင်စုစည်းထားသောစာရင်းနှင့် အချက်အလက်များကို ယူဆောင်လာပါ။**

☐ **မှတ်စုများမှတ်သားရန် ဘောပင်တစ်ချောင်းနှင့်စာရွက်တစ်ရွက်ယူလာပါ။**

☐ **စောစောရောက်အောင်လာပါ။ သင့်ရက်ချိန်းအချိန်မတိုင်မီ ၁၀-၁၅ မိနစ်အလိုတွင် ဆရာဝန်ထံသို့ အရောက်သွားနိုင်အောင်ကြိုးစားပါ။**

## ✔ သွားရောက်ပြသရာတွင် -

- ☐ **မရှက်ပါနှင့်။** သင့်နှင့် သင့်ခန္ဓာကိုယ်တွင် ဖြစ်ပျက်နေသည့်အရာများကို သင့်ဆရာဝန်အားပြောပြပါ။
- ☐ **ရိုးသားပါ။** အရက်သောက်တတ်သည့်အကျင့်များ၊ လိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှု၊ လေ့ကျင့်ခန်းလုပ်သည့် အလေ့အကျင့်များသို့မဟုတ် မူးယစ်ဆေးသုံးစွဲမှုအကြောင်းနှင့်ပတ်သက်ပြီး အမှန်အတိုင်းပြောပြပါ။ ဆရာဝန်တွင် သင့်အား ကောင်းသည်၊ ဆိုးသည် ဆုံးဖြတ်ပိုင်ခွင့် မရှိပါ။
- ☐ **မှတ်စုများမှတ်သားပါ။** ဆရာဝန်ပြောသည့်အရာများကို ချရေးပါ။
- ☐ **သင်လိုအပ်သည့်အရာများကို ရယူပါ။** အလျင်စလိုဖြစ်နေသည်ဟု သင်ခံစားရပါက အချိန်ပိုတောင်းပါ။
- ☐ **နားမလည်ပါက မေးခွန်းများမေးပါ။** သင်နားလည်သဘောပေါက်နိုင်သည့် နည်းလမ်းတစ်ခုဖြင့် သတင်းအချက်အလက်များကို ဆရာဝန်အားမေးမြန်းပါ။ သင့်အတွက်အထောက်အကူဖြစ်စေမည်ဆိုပါက နောက်ပိုင်းတွင်ဖတ်ရန် စာဖြင့်ရေးသားထားသော သတင်းအချက်အလက်များကို တောင်းပါ။

## ✔ သွားရောက်ပြသပြီးနောက် -

- ☐ **သတိပေးချက်စနစ်တစ်ခုကို သတ်မှတ်ပါ။** အကယ်၍ သင့်ဆရာဝန်ထံသို့နောက်ဆက်တွဲသွားရောက်ပြသမှုတစ်ခု ပြုလုပ်ရန်ရှိပါက သင့်ပြက္ခဒိန်ပေါ်တွင် ၎င်းကို မှတ်သားထားပါ။
- ☐ **ဆရာဝန်ညွှန်ကြားထားသည့် မည်သည့်ဆေးကိုမဆို** ကို သွားရောက်ယူဆောင်ပါ။
- ☐ **သင့်ဆရာဝန်ကို မေးခွန်းများမေးမြန်းရန် ဖုန်းခေါ်ဆိုပါ။** ဆရာဝန်ပြောခဲ့သည့်အရာများကို သင်မမှတ်မိပါက သို့မဟုတ် သင့်တွင်မေးစရာများရှိပါက သင့်ဆရာဝန်၏ရုံးခန်းသို့ ဖုန်းခေါ်ဆိုပါ။ သင်လုပ်ဆောင်ရမည့်အရာများကို ၎င်းတို့မှ သင့်အားပြောပြပေးနိုင်ပါသည်။

## ဆရာဝန်တစ်ဦးကိုရှာရန် သို့မဟုတ် ရက်ချိန်းတစ်ရက်ယူရန် အကူအညီလိုအပ်ပါသလား။

**ကျွန်ုပ်တို့ကူညီပေးနိုင်ပါသည်။** molinaproviderdirectory.com/wi သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ်
(တနင်္လာနေ့မှ သောကြာနေ့အထိ၊ မနက် 8 နာရီမှ ညနေ 5 နာရီအထိ)
**1 (888) 999-2404**, TTY: 711 ကိုနှိပ်၍ ကျွန်ုပ်တို့ထံသို့ ဖုန်းခေါ်ဆိုပါ။

## အရေးကြီးသောသတိပေးချက်များ

သင့်ဆရာဝန်ထံသို့ **ရက်ချိန်းပြရန် သင် လွတ်သွားပါက** သို့မဟုတ် **သင်နောက်ကျနေပါက** ဖုန်းခေါ်ဆိုပါ။

**အမြန်**ဆောင်ရွက်ရန်လိုအပ်သည့် ပြဿနာများအတွက် **Urgent Care** ကိုအသုံးပြုပါ။

သင့်ဆရာဝန်ထံသို့ သွားရောက်ပြသခဲ့ပုံနှင့် ပတ်သက်၍ သင် **မကျေနပ်ပါက** molina သို့ ဖုန်းခေါ်ဆိုပါ။



MOLINA HEALTHCARE